တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ (၄-၁၁-၂၀၂၆)
အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၁	**ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်**က မင်းလှ-ဆင်တဲကုန်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** သွားလာရခက်ခဲသည့် လမ်းပိုင်းများအနက် (၃.၅) ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဦးမဇိုးလောင်ဝီး၊ လဟယ်မဲဆန္ဒနယ်**က လဟယ်မြို့နယ်၊ တိုက်ရံချောင်းတွင် ဆိုင်ကယ်ကူး ကြိုးတံတားအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက** ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ရန် ဒေသနှင့်ကိုက်ညီသည့် ဒီဇိုင်းရေးဆွဲ၍ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပြီး ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။
၃	**ဒေါ်အေးမြမြကြိုင်၊ သာကေတမဲဆန္ဒနယ်**က အများပြည်သူဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းအား ပွင့်လင်းမြင်သာစွာ ချပြရန်နှင့် စီမံကိန်းများပြောင်းလဲပါက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**က အများပြည်သူနှင့်သက်ဆိုင်သည့် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများတည်နေရာနှင့် လုပ်ငန်းအမျိုးအစား/ စံချိန်စံညွှန်း ပြောင်းလဲခြင်းများအတွက် ကျင်းပသည့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များအား အထူးဖိတ်ကြား၍ အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၄	**ဦးသက်ပိုင်ထူး၊ ဖားကန့်ဆန္ဒနယ်**က အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက** ဘေးမဲ့တောအတွင်း တရားမဝင်ရွှေတူးဖော်မှုများကို ဥပဒေနှင့်အညီ တားဆီးအရေးယူဆောင်ရွက်လျက်ရှိပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း ဖြေကြားပါသည်။
၅	**ဦးဝင်းဇော်၊ ပင်းတယမဲဆန္ဒနယ်**က ပင်းတယမြို့နယ်အတွင်းရှိကျေးရွာ (၂၂) ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက** ၂၂ ရွာအနက် အင်းငယ်ကျေးရွာသည် လျှပ်စစ်ဓာတ်အားရရှိပြီးဖြစ်၍ ကျန် ၂၁ ရွာအတွက် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းကို ၂၀၂၇-၂၀၂၈ နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်များတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၆	**ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က ကျောင်းကုန်းမြို့နယ်၊ ရပ်ကွက် (၁)၊ (၂)၊ (၃) တို့တွင် နေထိုင်သူများအတွက် အင်္ဂါးမြေဂရန် အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာနက** မြို့မြေများကို မြေဌားဂရန်ရရှိရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လယ်မြေနှင့် စားကျက်မြေများအား မြို့မြေအဖြစ် အခြားနည်းသုံးစွဲခွင့်နှင့် စားကျက်မြေပယ်ဖျက်ခွင့် ရရှိရေး ဆောင်ရွက်ပြီး မြို့မြေကွက်တိုင်းတာရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်းနှင့် အဆို	အဖြေနှင့် ဆုံးဖြတ်ချက်
၇	**ဒေါ်မော်မော်ခိုင်၊ ဒီးမော့ဆိုမဲဆန္ဒနယ်**က ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့် ဥပဒေ ၃/၁၉၈၆ ဖြင့် ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပြည်ထဲရေးဝန်ကြီးဌာနက** နေရပ်စွန့်ခွာပြည်သူများ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများကို ခိုးယူမှု၊ ခိုးရာပါပစ္စည်းများ လက်ခံရောင်းဝယ်မှုများတွင် နစ်နာသူကာယကံရှင် တိုင်ကြားလာပါက ရာဇသတ်ကြီးပါ ပုဒ်မများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၈	**ဒေါက်တာလှတင့်၊ ဗဟန်းမဲဆန္ဒနယ်**က “မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် “ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေးမူဝါဒ (Zero-Tolerance Anti-Bullying and School Safety Policy” တစ်ရပ်ချမှတ် အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို” တင်သွင်းပါသည်။	ယင်းအဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေး၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ် အမည်စာရင်းအား (၆-၁၁-၂၀၂၆) ရက်နေ့ နောက်ဆုံးထား တင်သွင်းနိုင်ကြောင်း ကြေညာပါသည်။